
# ရဲသျှမ်း

## . . . သို့မဟုတ် . . .

## ဖြစ်ချင်သူ



## စာရေးသူ၏ အမှာ

လွန်ခဲ့သော ၆ နှစ်ကျော်က ဆရာမကြီး ဒေါ်ကလျာ၊ ဆရာမကြီး ဒေါ်ကလျာ၊ ဆရာမကြီး ဒေါ်ခင်ဆွေဦးတို့ မန္တလေးသို့ ခရီးထွက်ရာ ကျွန်တော် ဘူတာကြီး တာဝန်ကျနေ၍ သွားရောက် ဂါရဝပြုကြိုခဲ့သည်။ ဆရာမကြီး ဒေါ်ကလျာက ကလျာမဂ္ဂဇင်းမှာ ပါဝင် ရေးသားဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ခဲ့သည်။ ကျွန်တော် အက်ဆေးတစ်ပုဒ် ပေးလိုက်တော့ ချက်ချင်း ထည့်ပေးသော်လည်း ဆင်ဆာမိသွားတော့သည်။ နောက်တော့ ကလျာမှာ ဝတ္ထုတိုများစွာ ရေး ဖြစ်သည်။ ကျွန်တော်က ဝတ္ထုတို ခံစားမှု စာပေဆောင်းပါးများ ကလျာမှာ ရေးချင်သည်။ ဆရာမကြီးက ဘူတာဝန်းကျင်ဘဝများအကြောင်း ရေးစေချင်သည်။ ကျွန်တော်က ဝတ္ထုတိုခံ စားမှု စာပေဆောင်းပါးများ ကလျာမှာ ရေးချင်သည်။ ဆရာမကြီးက ဘူတာဝန်းကျင်ဘဝများ အကြောင်း ရေးစေချင်သည်။ ကျွန်တော်က ဆရာမြသန်းတင့်၏ အညတရ ရုပ်ပုံလွှာများ၊ ဆရာ ကျော်ရင်မြင့်၏ လူမှုဘဝပုံရိပ်များကို ဖတ်ထားတာမို့ သည်ဆရာတွေနောက် အတုယူ ရေးပေမယ့် သူတို့လို ကလောင်စွမ်းထက်တာ မဟုတ်လေတော့ စိုးရွံ့ပြီး မရေးဖြစ်ခဲ့။ ဆရာမ ကြီးအပြင် တာဝန်ခံအယ်ဒီတာ ဆရာဇူးကျော်ကပါ အကြိမ်ကြိမ် တိုက်တွန်းလာတော့ မဝံ့မရဲ ဖြင့် ရေးဖြစ်တော့သည်။ အခုတော့လည်းသည် အကြောင်းလေးတွေက စာတစ်အုပ်စာ ဖြစ်ပြီ။ လမ်းပေါ်ရောက်နေသော်လည်း လမ်းမပျောက်ဖို့ ကြိုးစားနေသူ လူငယ်လေးများကို စာနာစိတ် ဖြင့် ရေးသားခဲ့ပါသည်။ ဝတ္ထုတစ်ပုဒ်လိုဆိုတော့ စာရေးသူတစ်ယောက်အနေဖြင့် ပီတိဖြစ်ရပါ သည်။

ထို့အပြင် သည်စာစုများကို စုစည်းစာအုပ်ထုတ်ပေးသည့် စာနဒီစာပေ

ပွဲကိုင်ရှင် ကိုလင်းဝဏ္ဏကိုလည်း ကျေးဇူးတင်ရပြန်ပါသည်။
တိုက်တွန်းအားပေးခဲ့သော ဆရာမကြီး ဒေါ်ကလျာအား သည်စာအုပ်လေးဖြင့် ရိုကျိုးစွာ ကန်တော့လိုက်ပါသည်။ လစဉ်မပျက် ဖော်ပြ ပေးခဲ့သော ကလျာမဂ္ဂဇင်း အဖွဲ့သားအားလုံးကိုလည်း မမေ့မလျော့ ကျေးဇူးတစ်ပွင့် တစ်ပိုက် တင်လိုက်ပါသည်။

**ရဲသျှမ်း**

***

**လေတိုက်ခတ်ရာလွင့်ပါမျောနေ**

## မောင်ဒွေးလှိုင်

## သို့မဟုတ်

## နာဂစ်ရဲ့သားကောင်များထဲက တစ်ယောက်

ကျွန်တော်က ရန်ကုန်ဘူတာကြီးမှာ တာဝန်ကျတာ ဖြစ်လေတော့ ကျွန်တော့်ပတ်ဝန်း ကျင်မှာ ဝန်ထမ်းတွေအပြင် တက္ကစီကားသမားတွေ၊ အဲသည် ကားသမားတွေအတွက် ခရီး သည်ရှာပေးတဲ့ ရွှေကြိုတွေ၊ ပျံကျဈေးသည်တွေ၊ အလုပ်သမားတွေ၊ (အလုပ်သမားတောင်မှ တရားဝင်နှင့် တရားမဝင်က ရှိသေး)၊ လက်ဖက်ရည်ဆိုင် စားပွဲထိုးလေးတွေ၊ ရေသန့်ဗူး ကောက်တဲ့ ကလေးတွေ စသဖြင့် တစ်ဝမ်းတစ်ခါးအတွက် ကျင်လည်နေရတဲ့ အညတြဘဝ တွေ ရှိနေပါတယ်။ သူတို့ဘဝတွေကို ရေးစမ်းပါလို့ ဆရာမကြီး ဒေါ်ကလျာက တိုက်တွန်းပါ တယ်။ ကျွန်တော်ကလည်း အီလေးဆွဲပြီး ဝေ့နေတာပါ။ အခုတော့ ကျွန်တော်ကိုယ်၌ ကလည်း သူတို့ဘဝလေးတွေအကြောင်းရေးချင်လာတဲ့အတွက် သည်လကစပြီး စာဖတ်သူထံ တင်ဆက် လိုက်ပါတယ်။

***

ဘူတာကြီးခုံးတံတားအောက်မှာ လပ်ကီးဖလားဝါးဆိုတဲ့

လက်ဖက်ရည်ဆိုင် ရှိပါတယ်။ စားပွဲထိုးလေးတွေ အများစုက ရောဂတီတိုင်းဒေသ နာဂစ်ဒဏ်ခံရတဲ့ ရွာကလေးတွေကနေ ရောက်လာကြတာပါ။ အဲသည် ကလေးတွေထဲက တစ်ယောက်ကို ကျွန်တော် သတိထားမိတာ ကတော့ မျက်နှာလေး အမြဲတမ်း ညှိုးနေရှာတာပါပဲ။ သူ့ကို စိတ်ဝင်စားလို့ သူ့အကြောင်းလေး မေးကြည့်တော့-

"သားနာမည်က ငွေးလှိုင်ပါ၊ အခု အသက် ၁၆ နှစ်ရှိပြီ"

၁၆ နှစ်ဆိုပေမယ့် ကလေးက ထွားထွားကျိုင်းကျိုင်း မရှိလှဘူး။ သေးညှက်ညှက်လေး ဖြစ်နေရှာတယ်။

"သားတို့ရွာက ဘိုကလေးကနေ စက်လှေနဲ့သွားရင် သုံးနာရီလောက်ကြာမှ ရောက် တယ်။ ရေဝင်ရွာတဲ့၊ အဖေက ဦးချစ်လှိုင်၊ လက်သမားလုပ်တယ်။ အမေက ဒေါ်တင်လှိုင်"

နိုဝင်ဘာလလယ်တုန်းက ဘိုကလေးကနေ ၁ နာရီခွဲလောက်ကြာအောင် စက်လှေနဲ့သွား ခဲ့ရတဲ့ 'လိုဏ်ကူ' ဆိုတဲ့ ရွာကလေးကို စာပေဟောပြောပွဲ ရောက်ဖူးတာမို့ ချောင်းကျဉ်းလေး တွေကနေ ခက်ခက်ခဲခဲသွားရတဲ့ ရွာကလေးတွေကို မြင်ခဲ့ရတယ်။ ရေဝင်ရွာကလေးကလည်း အတော်ခေါင်တဲ့ ရွာကလေးပဲ ဖြစ်မှာပါ။

"သားတို့က မောင်နှမ ၄ ယောက်၊ အကြီးဆုံး အစ်ကိုကြီးက ဟိုင်းကြီးကျွန်းမှာ သူရင်းငှားလုပ်တယ်။ အစ်မက ဘိုကလေးမှာ နေတာ၊ သူ့ယောကျ်ားက ဆိုက်ကားနင်းတယ်။ လေတွေ ကျတဲ့နေ့မှာ အဖေက ငှက်သိုက်ရွာ မူလတန်းကျောင်းဆောက်ဖို့ ကျောင်းအုပ်ဆရာ မကြီး ခေါ်တာနဲ့ သွားတွေ့တာ နေ့လယ် တစ်နာရီကျော်လောက် သားတို့ဆီ မောကြီးပန်းကြီး ပြန်လာပြီး လေမုန်တိုင်းကျမယ် သတိထားလို့ ပြောလည်းပြော သားတို့အိမ်ကိုလည်း လေတိုက်ရင် မလဲအောင်ဆိုပြီး မျှောတိုင်တွေနဲ့ ကျားကန်ပေးသေးတယ်။ မရပါဘူး

နေ့လယ် နှစ်နာရီကျော်လောက်က စတိုက်တဲ့လေက ပိုပြင်းလာပြီး ရေတွေပါတက်လာတော့ အဖေ ရယ်၊ အမေရယ်၊ သားရယ်၊ ညီမလေးရယ် ကုန်းနည်းနည်းမြင့်တဲ့ အမေ့အစ်မအိမ်မှာ သွားခို ကြတယ်။ အဒေါ်တို့အိမ်အောက်ထပ် ရေတွေဝင်လာပြန်တော့ အပေါ်ထပ် တက်ပြေးကြရော။ လူ ၄၀ လောက်ရှိမယ်။ သားတို့မိသားစု လေးယောက်လုံး တစ်ယောက်ကို တစ်ယောက်ဖက် ထားကြတာ။ နောက်တော့ အိမ်ကြီးဝုန်းခနဲ ပြိုကျသွားတော့တာပဲ”

မောင်ဋ္ဌေးလှိုင် ပြောပြတာကို မြင်းကွင်းထဲ ရောက်လာသလို ခံစားရတယ်။ အဲသည် တုန်းက ၁၁ နှစ်သားလေးတစ်ယောက်အရွယ်သူ ရှိသေးတာမို့ ဘယ်လောက်များ ကြောက် လိုက်လေမလဲလို့ တွေးမိတယ်။

“သားနဲ့ညီမလေးက ဖက်ရက် ပြုတ်ကျသွားတာ။ အုန်းပင်ပုလေးကို မောင်နှမနှစ ယောက် ဖက်ထားကြတာပေ့ါ မနက်ငါးနာရီလောက် လေငြိမ်၊ ရေကျသွားတော့ သာနဲ့ညီမ လေး အဖေနဲ့အမေကို လိုက်ရှာကြတယ်။ သားရော၊ ညီမလေးရော ရင်ဘတ်မှာ အသားနီ တွေ လန်နေပေမယ့် ထူးပြီး မနာတော့ပါဘူး၊ ထုံနေတာ နေမှာ”

မောင်နှစ်မနှစ်ယောက် သူတို့မိဘတွေကို တွေ့လား၊ ရှေ့ဆက် ဘယ်လိုဖြတ်သန်းကြလဲ ဆိုတဲ့ မေးခွန်းတွေ မေးကြည့်တော့-

“ဒုက္ခသည်စခန်းကို အဖေနဲ့အမေက တစ်လကျော်လောက်မှာ ရောက်လာတယ်။ အဖေက လှေဦးကနေ လှေလှော်လို့၊ အမေက ကွမ်းကလေးမြို့လို့ နောက်တော့ ပျောက်သွား ရော”

စိတ်ဒဏ်ရာရသွားတဲ့ ကလေးတစ်ယောက်ရဲ့ ထင်ယောင်ထင်မှားမှုအတွက် ရင်ထဲနင့် နေအောင် ခံစားရပါသည်။

“နောက်မှသိတာက ရွာက ၁၅ ယောက်သေတယ်တဲ့ ။ အဖေနဲ့အမေရော

သားတို့ အဘွားရော ၁၅ ယောက်ထဲ ပါတယ်လို့ ပြောတာပဲ။ အလောင်းတွေ သား မမြင်လိုက်ရပါဘူး။ အစ်ကိုကြီး လိုက်လာပြီး သားကို ပုလဲမြို့သစ်က အဖေ့အမျိုးတွေဆီ ပို့ပေးတယ်။ ညီမလေး ကိုတော့ ဘိုကလေးမှာရှိတဲ့ အစ်မဆီ ပို့ပေးသွားတယ်။ အဲဒီ ကတည်းက အစ်ကိုကြီးကို မတွေ့ တော့ဘူး။”

သူ့အစ်ကိုကြီးခမျာလည်း သည်လောက်ပဲ စီမံပေးနိုင်ပုံရတယ် ထင်ပါတယ်။

“ပုလဲမြို့သစ်က အဖေ့အမျိုးအိမ်မှာ ကြိုရာကျပန်းလုပ်ရာကနေ သည်လက်ဖက်ရည် ဆိုင်ကို ရောက်လာတာ၊ သား အပြီးအစီး တစ်လ သုံးသောင်း ရတယ်”

အပြီးအစီးဆိုတာ စရိတ်ငြိမ်းကို ပြောတာဖြစ်မှာပါ။

“သား ပိုက်ဆံစုပါတယ်။ အဝတ်အစား နည်းနည်းပါးပါးဝယ်တာတော့ ရှိတယ်။ ဟို ကောင်တွေကိုင်တဲ့ ဟင်းဆက် သားလိုချင်ပေမယ့် မဝယ်ပါဘူး၊ အခု ပိုက်ဆံစုနေတာ ၆ သောင်းရပြီ။ လာမယ့်သင်္ကြန်ကျရင် သား ဘိုကလေးခဏပြန်မယ်။ ညီမလေးကို သိပ်လွမ်း တာပဲ။ သားပိုက်ဆံစုတာ တစ်သိန်းသုံးသောင်းပြည့်ရင် လက်စွပ်လေး တစ်ကွင်းဝယ်မှာဗျ သားမဝတ်ပါဘူး ညီမလေးကို ဝတ်ပေးချင်တာ”

သူ့ညီမလေးကို အချိန်တိုင်း လွမ်းနေတာကြောင့်လား၊ မိသားစုဖရိုဖရဲ ဖြစ်သွားတာကို ခံစားရလို့လား၊ တစ်ခုခု ဒါမှမဟုတ် နှစ်ခုလုံးကြောင့်လား၊ အလုပ်ပင်ပန်းလို့လား အိပ်ရေး မဝ လို့လား၊ သူ့မျက်နှာလေးကတော့ ရွှင်ရွှင်ပျပျ သိပ်မရှိလှဘူး။

“ဩော် . . .ဦးရေ သားပြောဖို့ကျန်သေးလို့ လာမယ့်သင်္ကြန် ဘိုကလေးခဏပြန်တဲ့အခါ အဖေနဲ့အမေအတွက် ဆွမ်းသွတ်ပေးချင်သေးတယ်။ ဒါဆိုရင်တော့ လက်စွပ်ဖိုးနဲ့ဆို တစ်သိန်းခွဲကျော်အောင် စုရမှာနော်။

သားစုနိုင်ပါ့မလား မသိဘူး။ ပန်းကန်ဆေးရင် မကွဲ အောင် ဂရုစိုက်မှ ဖြစ်တော့မယ်၊ ပန်းကန်ကွဲရင် လစာထဲက ဖြတ်တာဗျ”

ပိုက်ဆံတစ်သိန်းခွဲ စုမိနိုင်ဖို့ ကလေးအတွက် လွယ်ကူပါ့မလား။ တစ်ပြားတစ်ချပ် မသုံး ရင်တောင်မှ သူ့မျှော်မှန်းချက်လေး ပြည့်မယ် မထင်ဘူး။

“ပိုက်ဆံမပြည့်တော့လည်း ဟိုးနောက်နှစ်ကျတော့မှပဲ အဖေနဲ့အမေအတွက် ဆွမ်း သွတ်ပါတော့မယ်။ နောက်ကျလုပ်လည်း ရတယ် မဟုတ်လား ဦးလေး”

ကျွန်တော့်ရင်ထဲ နင့်သွားတဲ့အတွက် သူ့မေးခွန်းကို မဖြေနိုင်တော့ဘူး။ ကျွန်တော့်မှာ လည်း အဖြေ မရှိဘူးလေ။ စားပွဲပေါ်ရှိနေတဲ့ အေးစက်စက်ကော်ဖီကိုပဲ တစ်ကျိုက်တည်း မော့ ချလိုက်တော့တယ်။

အိုး. . . ကော်ဖီကလည်း ခါးလိုက်တာ။

***

## လေတိုက်ခတ်ရာလွင့်ပါမျောနေ

## ဘရာဇီး

## သို့မဟုတ်

## လိမ့်နေတဲ့ ဘောလုံးကလေး

ကျွန်တော်နေရတဲ့ ဝန်ထမ်းရပ်ကွက်လေးက ကလေးအလွန်များပါတယ်။ ဘူတာကြီးဝန်း ကျင်ဆိုတော့ လူလည်း အတော်စုံတယ်။ ကိုယ်တိုင်က ဝန်ထမ်းမဟုတ်လား။ လစာတစ်ခု တည်းနဲ့ဘယ်လိုမှ မလောက်ငတော့ ဇနီးသည်က တစ်ဖက် တစ်လမ်းကနေ ဝင်ငွေရှာရပါ တယ်။ အိမ်ထဲမှာတင် ဝင်ငွေ အသင့်အတင့်ရမယ့် ကိုယ်တတ်နိုင်တဲ့ အရင်းအနှီးလေးနဲ့ လည် ပတ်နိုင်တဲ့ အရင်းအနှီးလေးနဲ့ လည်ပတ်နိုင်တဲ့ လုပ်ငန်းတွေ လျှောက်စဉ်းစားတော့ ကလေး များတဲ့ ရပ်ကွက်ကလေးမှာ အသင့်တော်ဆုံးက ဂိမ်းဆိုင်လေး ဖွင့်ခဲ့တာပါပဲ။ အခုဆို ငါးနှစ် တောင် ရှိပါပြီ။

ကျွန်တော့်ရဲ့တီဗွီဂိမ်းဆိုင်လေးမှာ ဘောလုံးဂိမ်းကိုပဲ စွဲစွဲမြဲမြဲ ကစားတဲ့ကလေးတွေထဲက ကလေးတစ်ယောက်ကတော့ နည်းနည်းထူးခြားပါတယ်။ ဂိမ်းကစားဖို့ ပိုက်ဆံ မရှိရင်လည်း သူများကစားတာကို ရပ်ကြည့်နေလောက်အောင် ဘောလုံးကို စွဲလမ်းလှတယ်။ အခုသည ကလေး က လူပျိုပေါက်လေးတောင် ဖြစ်နေပြီ။ သူ့ကို ခေါ်ကြတာလည်း ကြည့်ဦး 'ဘရာဇီး'တဲ့

“ကျွန်တော့်နာမည်ရင်းက ဇော်ဇော်နိုင်ပါ။ အားလုံးက ဘရာဇီးလို့ပဲ

ခေါ်တယ်။ ဇော် ဇော်နိုင်လို့လည်း ဘယ်သူမှ မခေါ်ပါဘူး။ ခေါ်ရင်လည်း ကျွန်တော့်ကို ခေါ်တာတော့ မဖြစ် နိုင်ဘူး၊ သည်ဘူတာနားတစ်ဝိုက်က ကျွန်တော့်ကို ဘရာဇီးလို့ပဲ သိတယ်”

ဘရာဇီးဆိုတဲ့နာမည် ဘာကြောင့် တွင်သွားတာလဲဆိုတာကို ကျွန်တော်က သိချင်နေ မိတယ်။ ဘောလုံးကို စွဲလမ်းလွန်းလို့ သူငယ်ချင်းတွေက ပေးလိုက်တဲ့ နာမည်လား။

“ခုနှစ်တော့ ကျွန်တော် မသိဘူး။ ဦးဘိုကြီးဗွီဒီယိုရုံမှာ ကမ္ဘာ့ဖလားဘောလုံးပွဲ ဘရာဇီး နဲ့ဂျပန် ကန်တဲ့ပွဲ အမေကကြည့်ရင်း ဗိုက်နာလာလို့ ရုံထဲကနေ ဆိုက်ကားနဲ့ အိမ်ပြန်ခေါ်ရ တာ။ အိမ်လည်းရောက်ရော ကျွန်တော့်ကို မွေးတာပဲတဲ့”

သူ့အမေကိုယ်တိုင်က ဘောလုံးပွဲကို စိတ်ဝင်စားလို့ သည်ကလေးလေးကလည်း ဘော လုံးကို အရူးအမူး ဖြစ်တာလားလို့ တွေးမိတယ်။

“အမေက ဘရာဇီး၊ မန်ယူ၊ မြန်မာအသင်း အသည်းစွဲဗျ။ ဘရာဇီးပွဲ ကြည့်ရင်းမွေးလို့ ကျွန်တော့်ကို ဘရာဇီးလို့ ခေါ်တာ၊ အမေကလည်း အဲသည်လိုခေါ်တာ ကြိုက်တယ်”

ဘရာဇီးအသင်းက ကမ္ဘာ့ဖလားပွဲတိုင်း ခြေစစ်ပွဲအောင်တာဆိုတော့ သူ့ကိုမွေးတဲ့နှစ်က ၁၉၉၈၊ ၂၀၀၂ တစ်ခုခု ဖြစ်နိုင်ပေမယ့် အရွယ်က ၁၆ နှစ် သားအရွယ်မို့ ၁၉၉၈ ခုနှစ် ဖွားဖြစ် မယ်လို့ ထင်မိတယ်။ သူက သူ မွေးတဲ့ခုနှစ် မသိဘူး။ 'မင်းအသက် ဘယ်လောက်ရှိပြီလဲ' မေးတော့ '၁၆ နှစ် ထင်တာပဲ၊ ကျွန်တော့်သူငယ်ချင်းတွေတော့ ၁၀ တန်းရောက်ကုန်ကြပြီ' တဲ့လေ။

“ကျွန်တော်အဖေက စစ်သား၊ ရဲတပ်ရင်းကို ပြောင်းရတော့ ကျွန်တော်တို့ ရန်ကုန် ရောက်တာ။ ကျွန်တော်တို့ မောင်နှမရှစ်ယောက်လား မသိဘူး။ အခုကျန်တာက ၃ ယောက်။ ကျွန်တော့်အထက် ထွန်းထွန်းက

အမေမြတို့နဲ့ပါသွားတာ။ အမေမြတို့က သားသမီးမရှိလို့ ထွန်းထွန်းကိုချစ်ပြီး မွေးစားတာလို့ အမေကပြောတာပဲ။ အမေမြတို့ ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ကိုထွန်းထွန်းလည်း ဘာဖြစ်နေလဲ မသိတော့ဘူး၊ လုံးဝမတွေ့တော့တာ ဦးရဲ့”

ဘရာဇီးပြောတဲ့ အမေမြက ဘယ်သူလဲ၊ သူ့စကားတွေက ရောက်တတ်ရာရာ ကပေါက်တိကပေါက်ချာမို့ ရှင်းအောင် မေးရပြန်တယ်။

“အမေမြက ကုန်စိမ်းရုံကြီး ဘူတာနားမှာ ထောင်ထားတာ။ အမေက အမေမြဆီမှာ အလုပ်လုပ်တယ်။ ကျွန်တော်တို့ အဖေက ဖဲတအားရိုက်တယ်။ အမေ့ကို လခ မပေးဘူး။ အမေ့ဆီကပဲ တောင်းတာ”

သားသမီးတွေအများကြီးနဲ့ရုန်းကန်နေရတဲ့ လင်ဆိုးမယား တဖားဖားဖြစ်နေရှာတဲ့ အဒေါ်ကြီးတစ်ယောက်ပုံက ဘရာဇီးတို့အမေပဲ ဖြစ်နေလိမ့်မယ်။

“ကျွန်တော် သုံးတန်းနှစ်မှာ အဖေဆုံးတယ်။ အဖေဆုံးတော့ ရတဲ့လိုင်းခန်းအိမ်လည်း ဖယ်ပေးရတယ်။ အစ်ကိုတွေ၊ အစ်မတွေလည်း ကျောင်းထွက်ပြီး ကုန်ထမ်းကြတယ်၊ ဈေး ရောင်းကြတယ်။ ကျွန်တော်လည်း လေးတန်းရောက်တော့ ကျောင်းခဏထွက်တယ်။ ပြန် တက်မယ်ဆိုပြီး ဆရာမကြီးကို လုံချည်တစ်ထည်နဲ့ သွားကန်တော့တာ လက်မခံလို့ ကျောင်း အပြီး ထွက်လိုက်တော့တယ်။”

သူ့အပြောက ဆရာမကြီးကို မကျေနပ်တဲ့ပုံ ပေါ်နေတယ်။ ဆရာမကြီးခမျာလည်း စည်း ကမ်းတကျ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်သွားရပုံပေါ်ပါတယ်။ လေးတန်းပညာလောက်နဲ့ ကျောင်းထွက်သွားရတဲ့ ဘူတာဝန်းကျင်က ကလေးတစ်ယောက်ရဲ့ ဘဝဖြတ်သန်းမှုတွေက စိတ်ဝင်စားဖို့ ကောင်းပါလိမ့်မယ်။

“ကျွန်တော်တို့ အိမ်ငှားမနေနိုင်ဘူး။ ဘူတာစကြံ ၂ က

ခုံးတံတားတိုင်ကြီးရဲ့ အုတ်ခုံက ကျွန်တော်တို့အိမ်ပဲ။ သြော်. . .အမေမြကပွဲရုံပိတ်ပြီးပြောင်းသွားတာလေ။ ကျွန်တော်တို့အမေ က ပွဲရုံမရှိတာကြောင့်ဘူတာမှာ ဈေးရောင်းတယ်။ ကျွန်တော်တို့က ရေသန့်ဘူးကောက် တယ်”

မိသားစုတစ်အုပ်ကြီး ဘူတာပလက်ဖောင်းမှာ နေကြတာလား၊ ဘူတာဝန်ထမ်းတွေက တားဆီးနေကြတာပဲ။ ကျွန်တော် ကိုယ်တိုင်က တာဝန်ကျရဲတွေ၊ လက်မှတ်သိမ်းတွေကို အ ခြေအနေမဲ့တွေ ဘူတာမှာ မရှိရေး ဆောင်ရွက်ဖို့ညွှန်ကြားနေရတာ ဆိုတော့ ဘရာဇီးတို့မိသားစု ဘယ်လိုရှောင်သိမ်း နေထိုင်ကြသလဲဆိုတာကို စိတ်ဝင်စားမိတယ်။

“စီမံချက်ရှိရင်၊ လူကြီးလာရင်တော့ အောင်ဆန်းကွင်းဘက်ရှောင်ပေးရတာ ပေ့ါ ဦးရာ။ အစ်ကို၊ အစ်မတွေက အိမ်ထောင်ကျပြီး ဘူတာမှာ မနေတော့ဘူး။ ဘယ်ရောက်ကုန်ပြီလဲ မသိဘူး။ ကျွန်တော်တို့ဆီလည်း မလာဘူး။ အခု ဘူတာမှာနေတာက အမေရယ်။ ကျွန်တော် ရယ်၊ ညီမလေးရယ် နေတာ။ အဖေ့ပင်စင်စာအုပ်ရော၊ ပုံစံ ၁၀ ရော၊ အမေ့မှတ်ပုံတင်ရော၊ မီးရှို့ခံရတဲ့ထဲ ပါသွားတော့ ရပ်ကွက်ထဲ ငှားနေလို့မရဘူး။ ရပ်ကွက်ထဲက ဧည့်စာရင်း တိုင်ရတယ်လေ။ ရပ်ကွက်ထဲလည်း ငှားခတွေက အရမ်းများတာ။ မတတ်နိုင်ပါဘူး ဦးရာ”

မီးရှို့ခံရတယ်ဆိုတာကို ကျွန်တော့်မှာ မရှင်းဘူး ဖြစ်နေတယ်။

“လူကြီးလာမယ်ဆိုပြီး ဘူတာရဲတွေက စကြံ နေတဲ့သူတွေရှင်းတော့ ကျွန်တော်တို့ အဝတ်အစားတွေ၊ အိပ်ရာလိပ်တွေကို သိမ်းထားပြီး မီးပုံရှို့ပစ်တာ။ အဖေ့ပင်စင်စာအုပ်၊ ပုံစံ ၁၀ အကုန်ပါသွားတာဗျ။ အဖေ့ပင်စင် မရတာ ကြာလှပြီ။ ပြန်လည်း မလိုက်ဘူး။ ဘယ်လို လိုက်ရမှာလဲ မသိဘူး။ လိုက်စရာပိုက်ဆံမှ မရှိတာ”

လူကြီးလာရင် ရှင်းလိုက်။ လူကြီးပြန်ရင် ပြန်ရောက်လာလိုက်နဲ့ စကြံ နေမသားစုတွေ က ဘရာဇီးတို့မိသားစုတင် မဟုတ်ပါဘူး။ အတော့်ကို များပါတယ်။ ရဲနဲ့ဝန်ထမ်းတွေလည်း ကြာတော့ လက်လျှော့ထားပုံ ရတယ်။ ကျွန်တော်ကတော့

စကြိုး ၂၃၄ တွေကို တတ်နိုင်သမျှ မသွားဘဲ နေလိုက်တော့တယ်လေ။ နို့မို့ မြင်ရ၊ တွေ့ရတာ ကို မရှင်းလင်းဘဲထားရင် တာဝန်ဆို တာကြီးက နှလုံးသားကို ပုတ်ခတ်လိမ့်ဦးမယ်။

“လေးတန်းနဲ့ကျောင်းထွက်ပြီး ဘူတာမှာ ရေသန့်ဘူးကောက်တယ်၊ ကျွန်တော် မိုက် ကယ်ဂျက်ဆင်ကိုတော့ ရှောင်တယ်။ ဒီအာဝါဒီးကောင်က ကလေးတွေကို မွေးထားပြီး မဟုတ်တာ အကုန်လုပ်ခိုင်းတာ”

“ဘာလဲကွ မဟုတ်တာဆိုတာ၊ မိုက်ကယ်ဂျက်ဆင်က ဘာကောင်တုံး”

ကျွန်တော်မိုက်ကယ်ဂျက်ဆင်ကို ကြားဖူးပေမယ့် ရေရေရာရာမသိဘူး။

“မိုက်ကယ်ဂျက်ဆင်လို ကတတ်လို့ မိုက်ကယ်ဂျက်ဆင်လို့ခေါ်တာ၊ အိမ်ပြေးကလေး တွေ အများကြီး မွေးထားတာ၊ ကလေးတွေက ခရီးသည် ပစ္စည်း နှိုက်၊ ခိုးလုပ်ရတယ်၊ ရသမျှ သူ့ဆီအပ်၊ မအပ်ရင် ရိုက်တာဗျ”

တရားဥပဒေစိုးမိုးမှုမရှိတဲ့ ရပ်ဝန်းလို့ သတ်မှတ်ရမယ့်နေရာတွေထဲမှာ ဘူတာကြီးလည်း ပါဝင်ခဲ့ဖူးတာပေါ့။ အတင်းအဓမ္မ ကလေးစစ်သား စုဆောင်းတာတွေ၊ မှောင်ခို၊ ခါးပိုက်နှိုက်၊ ပြည့်တန်ဆာကျက်စားရာ နေရာအဖြစ် ဖြစ်မှန်းမသိ ဖြစ်ခဲ့တာပါ။ အခုတော့ ရှင်းလင်းတန်သ လောက် ရှင်းလင်းပြီးပါပြီ။

“ကျွန်တော် ဂန်ဘားလုပ်သေးတယ် ဦးလေးရဲ့။ ဒါလည်း ဂန်ဘားခေါင်းတွေက ဆက် ကြေးတောင်းတာ မကျေနပ်လို့ မလုပ်တော့ဘဲ မင်္ဂလာဈေးဆပ်ပြာဆိုင်မှာ တစ်လ ခြောက် သောင်းနဲ့သွားလုပ်တယ်။ သြော် . . .အာဝါဒီးဆိုတာ ကလေကချေကောင်ကို ပြောတာ။ ဂန်ဘားက တံဆိပ်မရှိတဲ့ အလုပ်သမားလေ။ အဲ. . . ကျွန်တော်ရတဲ့လခ အမေ့ကို ပေးပါတယ် စားတဲ့ထဲပါတော့ အမေ့မှာ အရင်းမရှိဘူး။ ရေခဲရေ ရောင်းနေရတယ်”

ရေခဲတုံးဝယ်၊ ဘူတာရေတိုင်ကရေနဲ့ ရေခဲရေ လုပ်ရောင်းနေတဲ့ ဈေးသည်တွေကြား တဲမှာ ဘရာဇီးအမေလည်း ပါဝင်နေပါလိမ့်မည်။ ရေခဲရေ

ရောင်းရတာ လောက်နဲ့တော့ ထမင်း ဂအောင် စားရပ့ါမလား။

“အခု မင်္ဂလာဈေးကနေ ထွက်လိုက်ပြီ။ လွတ်လပ်ရေးနေ့ ဘောလုံးကန်ချင်လို့ ထွက် လာတာ၊ ကျွန်တော် မင်္ဂလာဈေးမှာ ပြန်လုပ်ရင်တော့ ရတယ်။ ဒါပေမဲ့ ဘောလုံးပဲ ကန်ချင် တယ်။ အဆက်အသွယ်လည်း မရှိဘူး။ တွေ့တဲ့ ခေါ်တဲ့လူနောက် လိုက်သွားပြီး တပ်ထဲသွင်း ခဲ့မှာလည်း ကြောက်တယ်ဗျ”

၁၈ နှစ်မပြည့်ရင် တပ်မတော်က လက်မခံတာကို သိအောင်ရှင်းပြရမလား။ သူမျှော်မှန်း တဲ့ ဘောလုံးသမားတစ်ယောက် ဖြစ်စေမယ့် အခွင့်အလမ်းတွေကို ရွေးချယ်ပေးရမလား။ မျိုး ဆက်သစ် အားကစားသမားတွေကို ဖော်ထုတ်နိုင်မှု စွမ်းအားနည်းနေသမျှ ဘရာဇီးတို့လို ဘောလုံးကို အရူးအမူးစွဲလမ်းတဲ့ ကလေးတွေအတွက်တော့ ကွင်းပျောက်နေဦးမှာပဲ ဖြစ်ပါ တယ်။

“ဦးလေး အသိရှိရင် ကလပ်အသင်းတစ်ခုခုကို အပ်ပေးပါလားဗျာ။ ကျွန်တော် ရှေ့ တန်းမှာ ကစားနိုင်တယ်။ လခလည်းမလိုပါဘူး။ ထမင်းကျွေးရင် ရပါတယ်။ ထရိန်နင်လည်း ကောင်းကောင်းဆင်းပ့ါမယ်။ အခု အမေကျွေးတဲ့ ထမင်းစားနေရတာ အမေ့ကို သနားတယ်။ ဩော်. . . ဦး သည် နှစ်ထဲမှာ ကမ္ဘာ့ဖလားပွဲမှာ ဘရာဇီးမှာ လုပ်မှာနော်။ အိမ်ရှင်ဘရာဇီးပဲ ဖလားရမှာဗျ ။ ဦးကော ဘယ်လိုထင်လဲ”

တက်ကြွနေတဲ့ သူ့အမူအရာလေးကြည့်ပြီး ပြုံးနေမိတယ်။ ဘရာဇီးဖလားရ၊ မရကို ကျွန်တော် စိတ်မဝင်စားနိုင်ဘူး။

လတ်တလော ကျွန်တော့်အတွေးထဲမှာတော့ ဘရာဇီးဆိုတဲ့ လေတိုက်ခတ်ရာ လွင့်နေ တဲ့ ရွက်ကြွေလေးကို ဘောလုံးကလပ်အသင်းတစ်ခုခုဆီပို့ပေးချင်နေတာပဲ လွှမ်းခြုံနေရဲ့

“အမေမသေခင် ဘောလုံးသမားဖြစ်ချင်လိုက်တာဦးရယ်။ လက်ရွေးစင်

မဟုတ်တောင် ကလပ်အသင်း ကစားသမားပေါ့။ ကျွန်တော် ဂိုးရှူးလိုက်ရင် အမေက လက်ခုပ်တီးမှာဗျ”

ကျွန်တော့်ရင်ဘတ်ကို ကန်ချက်ပြင်းပြင်း ဘောလုံးမှန်လိုက်သလိုပါပဲလေ။

***